JUSTICE FOR MYANMAR

# စစ်တပ်နှင့် ဖက်စပ်လုပ်ကိုင်နေသည့် စီးကရက်ထုတ်လုပ်ရေးလုပ်ငန်းမှ ရှယ်ယာများကို ရောင်းချပြီး နှုတ်ထွက်မည့် မစ္စတာ Lim Kaling ၏ ဆုံးဖြတ်ချက်ကို Justice For Myanmar က အသိအမှတ်ပြုပါသည်

*၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့၊ မြန်မာနိုင်ငံ။* ။ မြန်မာစစ်တပ်၏ ဦးပိုင်လီမိတက်မှ လက်ဝါးကြီးအုပ်လုပ်ကိုင်နေသည့် စီးကရက် ထုတ်လုပ်ရေးလုပ်ငန်းကို ၂၈နှစ်ကြာ ဖက်စပ်လုပ်ကိုင်နေသည့် မစ္စတာ Lim Kaling မှ အတော်နောက်ကျပြီဟု ဆိုစရာဖြစ်သော်လည်း  အဆက်ဖြတ်တော့မည့်အကြောင်း အသိပေးလာသည်ကို Justice For Myanmar က ကြိုဆိုလိုက်ပါသည်။ လွန်ခဲ့သော ဖေဖော်ဝါရီလ ၇ရက်နေ့တွင် မစ္စတာ Lim Kaling မှ တပ်ပိုင်လုပ်ငန်းနှင့် ချက်ခြင်းအဆက်ဖြတ်လျှင်ဖြတ်၊ မဖြတ်လျှင် သူ့ကို Razer ကုမ္ပဏီ ဘုတ်အဖွဲ့က အလုပ်ထုတ်ပယ်ရန် အွန်လိုင်းမှ လက်မှတ်ရေးထိုး တောင်းဆို ဖိအားပေးသည့် အစီအစဉ်ကို စတင်ခဲ့ကြပါသည်။ ဝိုင်းဝန်းပါဝင် တောင်းဆိုပေးကြသူ အားလုံးကို ကျေးဇူးတင်ပါသည်။ ယခုအခါ သူ့အနေဖြင့် အားလုံး၏ တောင်းဆိုမှုကို ကြားသိပြီး လိုက်လျောပေးခဲ့ပြီ ဖြစ်ပါသည်။

မစ္စတာ Lim Kaling အနေဖြင့် ရင်းနှီးမြှုပ်နှံမှုမှ နှုတ်ထွက်တော့မည်ဟု ဆိုသော်လည်း အာဏာသိမ်းစစ်တပ်၏ ဦးပိုင်နှင့် ဖက်စပ်လုပ်ကိုင်နေသည့် RMH Singapore သည် ဆက်လက်လုပ်ကိုင် နေသေးသည့်အတွက် ဖိအားပိုပေးရန် လိုအပ်နေပါသည်။ မစ္စတာ Lim Kaling အနေဖြင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပြီး RMH Singapore ကုမ္ပဏီကို MEHL ဦးပိုင်လီမိတက်နှင့် လုံးဝ စီးပွားရေး အဆက်ဖြတ် နှုတ်ထွက်စေဖို့ စည်းရုံးဖြောင်းဖြပေးရန် ဆက်လက် တောင်းဆိုအပ်ပါသည်။

Justice For Myanmar အနေဖြင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများကို မြန်မာစစ်တပ်နှင့် ချက်ချင်းအဆက်အသွယ်ဖြတ်ပြီး၊ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မတရား အာဏာသိမ်းယူထားသည့် စစ်ဗိုလ်ချုပ်ကြီးများ၊ ယင်းတို့၏ မိသားစုနှင့် စီးပွားဖက်များ၊ ယင်းတို့၏စီးပွားရေးကုမ္ပဏီများနှင့်

JUSTICE
FOR
MYANMAR

တပ်ပိုင်စီးပွားရေးလုပ်ငန်းများကို သီးခြားပစ်မှတ်ထားပြီး စီးပွားရေး ပိတ်ဆို့အရေးယူခြင်းကို ချက်ခြင်းလုပ်ဆောင်ရန် ထပ်မံတောင်းဆိုအပ်ပါသည်။

**အယ်ဒီတာများသို့မှတ်ချက်**

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့်တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိ သည်။

ကျွန်ုပ်တို့ Razer ဘုတ်အဖွဲ့ကို တောင်းဆိုသော အွန်လိုင်းပန်ကြားစာအား ဒီမှာကြည့်ပါ
change.org/justiceformyanmar

**ထပ်မံသိရှိလိုပါက -**

**ရတနာမောင်**


အီးမေးလ် - media@justiceformyanmar.org

ဝဘ်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝဘ်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/